## ၁-၅ တံဆိပ်တုံးမှတ်ပုံတင်ခြင်း



### တံဆိပ်တုံးမှတ်ပုံတင်ခြင်း ဆိုသည်မှာ

- မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ တံဆိပ်တုံးမှတ်ပုံတင်စာရင်းသွင်းခြင်း လုပ်ထုံးလုပ်နည်းကို တံဆိပ်တုံးမှတ်ပုံတင်ခြင်းဟု ခေါ်သည်။

  → အရေးကြီးသောကဏ္ဍများ၌(မရွှေ့ပြောင်းနိုင်သောအရာများရောင်းဝယ်သည့်အခါ)လိုအပ်လာနိုင် သည်။

### (၁) တံဆိပ်တုံးမှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်း

#### လုပ်ထုံးလုပ်နည်း၌ လိုအပ်သည့်အရာများ

- တံဆိပ်တုံးမှတ်ပုံတင်ရန်လျှောက်လွှာစာရွက်စာတမ်း
- မှတ်ပုံတင်မည့်တံဆိပ်တုံး
- ကာယကံရှင်အား သက်သေခံနိုင်မည့် စာရွက်စာတမ်း (တစ်ဦးချင်းနံပါတ်ကတ်၊ နေထိုင်ခွင့်ကတ်ပြား၊ ယာဉ်မောင်းလိုင်စင် အစရှိသည်တို့အနက်မှ ၁ခု)

* မှတ်ပုံတင်၍ပြီးစီးသွားသောအခါ တံဆိပ်တုံးမှတ်ပုံတင်သက်သေခံကိုထုတ်ပေးမည်ဖြစ်သည်။

* လုပ်ထုံးလုပ်နည်းအသေးစိတ်ကို နေထိုင်ရာမြို့နယ်၌ မေးမြန်းစုံစမ်းပါ။

### (၂) တံဆိပ်တုံးမှတ်ပုံတင်ခြင်းအထောက်အထား

- မှတ်ပုံတင်ထားသော တံဆိပ်တုံး (hanko) ဖြစ်ကြောင်း သက်သေခံနိုင်သည့် အရာ

  → တံဆိပ်တုံးမှတ်ပုံတင်သက်သေခံစသည်ကို မိမိနေထိုင်ရာမြို့နယ်သို့တင်ပြလျှောက်ထားရန်

- မြို့နယ်ရပ်ကွက်ကျေးရွာအလိုက် တစ်ဦးချင်းနံပါတ်ကတ်အသုံးပြု၍ Convenient Store ၌ လျှောက် ထားနိုင်သည့်မြို့နယ်များလည်းရှိသည်။




# ၂ တစ်ဦးချင်းနံပါတ်စနစ်

## ၂-၁ တစ်ဦးချင်းနံပါတ်စနစ်ဆိုသည်မှာ



- တစ်ဦးချင်းနံပါတ်သည် အထူးသဖြင့် အောက်ပါအခြေအနေများတွင် လိုအပ်သည်။

(၁) ပင်စင်၊ကလေးသူငယ်ထောက်ပံ့ကြေးရယူမည့်အခါနှင့် ဆေးဝါးကုသမှုခံယူမည့်အခါ

(၂) နိုင်ငံခြားသို့ ငွေပို့ပေးမည့်အခါ သို့မဟုတ် နိုင်ငံခြားမှပေးပို့လာသောငွေကိုလက်ခံမည့်အခါ

(၃) ဘဏ်၌ ဘဏ်အကောင့်ဖွင့်သည့်အခါ

- တစ်ဦးချင်းနံပါတ်အသုံးပြုသည့်အခါ၌

(၁) အဆိုပါနံပါတ်သည် သင့်၏အစစ်အမှန်တစ်ဦးချင်းနံပါတ် ဖြစ်မဖြစ်

(၂) သင်၏နိုင်ငံကူးလက်မှတ် စသည့် ဓာတ်ပုံပါဝင်သော သက်သေခံအထောက်အထားမှ ကာယကံရှင်နှင့် အမှန်တကယ်တူညီသောသူဟုတ်မဟုတ် ကြည့်ရှုစစ်ဆေးရမည်။ ထို့အတွက် သင့်၏ တစ်ဦးချင်းနံပါတ်ကို အခြားလူက အယောင်ဆောင်၍အသုံးမပြုနိုင်ပါ။

## ၂-၂ တစ်ဦးချင်းနံပါတ်ကတ် (My Number ကတ်)

တစ်ဦးချင်းနံပါတ်ကတ်သည် ဂျပန်၌ အဆင်ပြေစွာနေထိုင်နိုင်ရန်အတွက်လိုအပ်သော IC Chip ပါဝင် သည့် ကတ်ပြားဖြစ်သည်။

### (၁) ဖော်ပြချက်

မျက်နှာစာဘက် - အမည်၊နေရပ်လိပ်စာ၊မွေးသက္ကရာဇ်၊ကျား၊မ၊ဓာတ်ပုံ၊အကျိုးသက်ရောက်မှုကာလ

ကျောဘက် - တစ်ဦးချင်းနံပါတ်




မျက်နှာစာဘက်




ကျောဘက်

### (၂) တစ်ဦးချင်းနံပါတ်ကတ်ကို မည်သို့သောအချိန်၌ အသုံးပြုရမည်နည်း

- တရားဝင် ကာယကံရှင်အတည်ပြုစာရွက်စာတမ်းအဖြစ် အသုံးပြုလိုလျှင်
- ဝင်ငွေခွန်ဆောင်ရန်အကြောင်းကြားခြင်းအတွက်Onlineမှ ဆောင်ရွက်လိုလျှင်
- ကလေးသူငယ်ဆိုင်ရာထောက်ပံ့ကြေးနှင့်စောင့်ရှောက်ရေးဂေဟာသို့ပို့ဆောင်ရန်အတွက် လျှောက်လွှာတင်ခြင်းကို Onlineမှဆောင်ရွက်လိုလျှင်
- Convenient Store၌ နေထိုင်မှုမှတ်တမ်းမိတ္တူစသည့် သက်သေခံစာရွက်စာတမ်းများကိုရယူလိုလျှင် (ပိတ်ရက်၌လည်းရယူနိုင်သည်။မြို့နယ်ရပ်ကွက်ကျေးရွာရုံးပေါ်မူတည်၍ ရယူနိုင်ခြင်းများရှိသည်။)
- ကျန်းမာရေးအာမခံလက်မှတ်အဖြစ်အသုံးပြုလိုလျှင် (ဆေးရုံ ဆေးခန်းများနှင့် ဆေးဆိုင်များတွင် သင်၏ သီးသန့်နံပါတ်ကတ်ကို သုံးခြင်းဖြင့် ပိုကောင်းသော ဆေးဝါးကုသမှု ရရှိရန် သင်၏ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ အချက်အလက်များကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများနှင့် မျှဝေနိုင်ပါမည်။)

**အသုံးပြုနိုင်သော ဆေးကုသမှုအဖွဲ့အစည်း၊ ဆေးဆိုင်များကို ဖော်ပြပါ ဝက်ဘ်ဆိုက်တွင် ဖတ်ရှုပါ။**

https://www.mhlw.go.jp/stf/index_16743.html

## (၃) လျှောက်လွှာတင်ရန်နည်းလမ်း

ဂျပန်နိုင်ငံအတွင်း နေရပ်လိပ်စာအတည်တကျဖြစ်ပြီး မြို့နယ်ရပ်ကွက်ကျေးရွာရုံး၌ ရွှေ့ပြောင်းမှု အကြောင်းကြားခြင်းပြုလုပ်သည့်အခါ တစ်ဦးချင်းနံပါတ်ကတ် လျှောက်လွှာကို တင်ပြနိုင်သည်။ (တစ်စိတ်တစ်ပိုင်းချန်လှပ်)

ပထမဦးဆုံးလျှောက်လွှာတင်သည့်အခါ၌ အခမဲ့ လျှောက်ထားနိုင်သည်။

ပြောင်းရွှေ့မှုကိုအကြောင်းကြားသည့်အခါ၌ လျှောက်လွှာမတင်နိုင်ခဲ့သောသူသည် နောက်တစ် ရက်၌ ရုံးမှထုတ်ပေးသည့် တစ်ဦးချင်းနံပါတ်ကတ်လျှောက်လွှာကို အိမ်သို့ပေးပို့မည်ဖြစ်သောကြောင့် ထိုလျှောက်လွှာကိုအသုံးပြုပြီး အောက်ပါနည်းလမ်းများဖြင့် လျှောက်ထားနိုင်သည်။

**(၁) စမတ်ဖုန်းမှတစ်ဆင့် လျှောက်ထားပြီး**

စမတ်ဖုန်းဖြင့် မျက်နှာပုံရိုက်ယူပြီး ရုံးမှထုတ်ပေးသော လျှောက်လွှာ စာရွက်၏ QR Code မှ ဝဘ်ဆိုက်သို့ဝင်၍ လျှောက်ထားခြင်း

**(၂) ကွန်ပျူတာမှတစ်ဆင့် လျှောက်ထားခြင်း**

ဒစ်ဂျစ်တယ်ကင်မရာဖြင့် မျက်နှာပုံရိုက်ယူပြီး လျှောက်လွှာတင်ရန် ဝဘ်ဆိုက်သို့ ဝင်၍ လျှောက် ထားခြင်း

**(၃) စာတိုက်မှတစ်ဆင့် လျှောက်ထားခြင်း**

ရုံးမှထုတ်ပေးသောလျှောက်လွှာ၌ဓာတ်ပုံကပ်၍လိုအပ်သည့်အချက်အလက်များကို ဖြည့်စွက်ကာ စာအိတ်ဖြင့် စာတိုက်ပုံးသို့ထည့်၍ ပေးပို့ခြင်း

**(၄) အထောက်အထားပြသုံးဓာတ်ပုံကို ရိုက်ကူးသည့်စက်ဖြင့် လျှောက်လွှာတင်ခြင်း** (ကွန်ပျူတာစနစ် ပါသော အမျိုးအစားသာ)

စက်၏ ဖန်သားပြင်"Screen" မှ လုပ်ငန်းစဉ်များကို ပြုလုပ်ကာ ပိုက်ဆံထည့်ပြီး လျှောက်လွှာ၏ QR Codeကို Barcode Reader၌ ရှာဖွေကာ လိုအပ်သောအချက်အလက်များ ရေးဖြည့်၍ ဓာတ်ပုံ ရိုက်ကူးပေးပို့ခြင်း

**(၅) မိမိနေထိုင်ရာရှိမြို့နယ်ရုံးသို့ပေးပို့လျှောက်ထားခြင်း(ခြွင်းချက်)**

ရုံးမှထုတ်ပေးသည့် လျှောက်လွှာစာရွက်၌ လိုအပ်သည့်အချက်များကို ဖြည့်စွက်၍ မြို့နယ်ရပ်ကွက်ကျေးရွာရုံး သို့လျှောက်ထားခြင်း

* မြို့နယ်ရပ်ကွက်ကျေးရွာရုံး၏ ကောင်တာတွင် ထုတ်ပေးရန်အတွက် လိုအပ်သော ကာယကံရှင်ဖြစ်ကြောင်း အတည်ပြုစစ်ဆေးမှု ခံယူပြီးနောက်လျှောက်ထားပါက တစ်ဦးချင်းနံပါတ်ကတ် ကို စာတိုက်မှတစ်ဆင့် လက်ခံရယူနိုင်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.kojinbango-card.go.jp/en-kofushinse/

## (၄) လက်ခံရယူရန်နည်းလမ်း

လျှောက်ထားပြီး ၁လခန့်အကြာတွင် မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ ပို့စကတ် ရောက်ရှိမည်။ထို ပို့စကတ်နှင့်အတူ လိုအပ်သည့်စာရွက်စာတမ်းများကိုယူဆောင်၍ တစ်ဦးချင်းနံပါတ်ကတ်ကိုသွားရောက် ထုတ်ယူရမည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.kojinbango-card.go.jp/en-uketori/

## ၂-၃ တစ်ဦးချင်းနံပါတ်ကတ်အသုံးပြုရာ၌ သတိပြုရန်အချက်များ

- အမည်၊ နေရပ်လိပ်စာစသည်တို့၌ အပြောင်းအလဲရှိပါက နေထိုင်ရာမြို့နယ်သို့ အကြောင်းကြား ရမည်။
- တစ်ဦးချင်းနံပါတ်ကတ်၏ သက်တမ်းကုန်ဆုံးချိန်မှာ နေထိုင်ခွင့်ကတ်ပြား၏ နေထိုင်ခွင့်ကာလ ကုန်ဆုံးရက်စွဲနှင့် တူညီ သည်။
- သင်၏နေထိုင်မှုကာလကို သက်တမ်းတိုးပြီးနောက်၊ သက်တမ်းမကုန်ဆုံးမီ သင်နေထိုင်သည့် စည်ပင်သာယာရေး ရုံးတွင် သင်၏ တစ်ဦးချင်းနံပါတ်ကတ်၏ တရားဝင်သက်တမ်းကို သက်တမ်းတိုးပါ။

* နေထိုင်ခွင့်ကာလကို သက်တမ်းတိုးပြီးလျှင်ပင် သင်၏ တစ်ဦးချင်းနံပါတ်ကတ်၏ တရားဝင်သောကာလမှာ အလိုအလျောက် ထပ်တိုးသွားလိမ့်မည် မဟုတ်ပါ။ သင်၏ သီးသန့်နံပါတ်ကတ် သက်တမ်းကုန်ပါက၊ ၎င်းကို ပြန်ထုတ်ပေးရန် အခကြေးငွေ ကောက်ခံပါမည်။

* နေထိုင်ခွင့်လျှောက်ထားသည့်အခါတွင် ပေါ်ပေါက်လာနိုင်သည့် အထူးကာလအတွက် သတိပြုရန် လိုအပ်ပါသည်။

တစ်ဦးချင်းနံပါတ်ကတ်၏ သက်တမ်းမကုန်မီကာလမတိုင်မီတွင် နေထိုင်ခွင့်ကာလ တိုးမြှင့်ခွင့်မကျလာနိုင်ကြောင်း ကြိုတင်မျှော်မှန်းရပါက 2လကြာ (အထူးကာလ) တစ်ဦးချင်းနံပါတ်ကတ်၏ သက်တမ်းကာလကို တိုးမြှင့်ရန်လိုအပ်ပါသည်။

နေထိုင်ခွင့်ကတ်ပြားရရှိပြီးနောက် နောက်တစ်ကြိမ် တစ်ဦးချင်းနံပါတ်ကတ်၏ သက်တမ်းကာလကို နေထိုင်ခွင့်ကာလကုန်ဆုံးရက်စွဲအသစ် အထိ တိုးမြှင့်ရန်လိုအပ်ပါသည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.soumu.go.jp/main_sosiki/jichi_gyousei/c-gyousei/zairyu/english/basic_resident_registration_card.html

## ၂-၄ တခြား

တခြား အကြောင်းအရာများကို အောက်ပါအင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။

**တစ်ဦးချင်းနံပါတ်စနစ်**

https://www.digital.go.jp/policies/mynumber/

**တစ်ဦးချင်းနံပါတ်ကတ်**

https://www.kojinbango-card.go.jp/en/

ဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှုများလည်း ပြုလုပ်နိုင်သည်။

**Call Centre**

(တနင်္လာမှသောကြာ 9:30-20:00 စနေ၊တနင်္ဂနွေ၊အစိုးရရုံးပိတ်ရက်9:30-17:30)

◎ **ဂျပန်ဘာသာ**

**ဖုံးနံပါတ် ၀၁၂၀-၉၅-၀၁၇၈**

◎ **အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာ၊ စပိန်ဘာသာ၊ ပေါ်တူဂီဘာသာ**

**ဖုံးနံပါတ် ၀၁၂၀-၀၁၇၈-၂၇**